ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး**

(၂၄) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်**

**( ၂၀၁၆ ခုနှစ်၊ မေလ ၁၆ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေးရဲ့ (၂၄)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၉၀.၀၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ (၂၄)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီအစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၄)ဖြစ်ပါတယ်။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၂။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါတဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမ ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ ၁၆-၅-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်

နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမင်းဦး က ကိုယ်စားပန်ကြားသွားမှာဖြစ်ပါတယ်။ ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဦးဇခုန်တိန့်ယိန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။ ဦးစိုင်းသန်းနိုင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)။ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။ ဦးကျော်သန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။ ဦးစိုင်းသာစိန်၊ ကယား ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၂)။ ဦးအောင်မျိုး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။ ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)။ ဦးဝင်းမြင့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။ ဦးပြုံးလွင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။ ဦးရဲထွန်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။ စခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)။ ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။ ဗိုလ်မှူးကြီးသန်းထိုက်၊ တပ်မတော်သားကိုယ်စားလှယ်။ ဒုတိယဗိုလ်မှူးကြီးသိန်းလွင်၊ တပ်မတော်သားကိုယ်စားလှယ်။ ဒုတိယ ဗိုလ်မှူးကြီးဝင်းမြင့်ထွန်း၊ တပ်မတော်သားကိုယ်စားလှယ်။ ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)။ ဦးစိုင်းပန်ဖ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)နဲ့ ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)တို့ ဖြစ်ကြပါတယ်။ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁)ဦးဖြစ်ပြီး၊ ယနေ့ ခွင့်ပန်ကြားသူ (၂၁)ဦး ဖြစ်တဲ့အတွက် စုစုပေါင်း ခွင့်ပန်ကြားသူ(၂၂)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၁)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာ ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ

(၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၁)ဦး ဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၂)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**၂-၁-၂၀၁၆ နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၀)ပါ Happy World ကစားကွင်းအတွင်း မိန်းကလေးများ အပါအဝင် ဂိမ်းကစားသူများ အောင်မြင်ပါက အမျိုးသား လိင်တန်ဆာ ပစ္စည်းအတု များကို လက်ဆောင်ပေးခဲ့ကြောင်း မန်နေဂျာမှ ဝန်ခံပါလျက် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၉၂၊ ပုဒ်မ ၂၉၃ နှင့် ပုဒ်မ ၃၅၄ တို့အရ အရေးယူရမည့်အစား အဘယ့်ကြောင့် အရေးမယူခဲ့သည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ယခု ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဒွေးဦး က ၂-၁-၂၀၁၆ နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၀)ပါ Happy World ကစားကွင်းအတွင်း မိန်းကလေးများ အပါအဝင် ဂိမ်းကစားသူများ အောင်မြင်ပါက အမျိုးသားလိင်တန်ဆာပစ္စည်းအတု များကို လက်ဆောင်ပေးခဲ့ကြောင်း မန်နေဂျာမှ ဝန်ခံပါလျက် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၂၊ ပုဒ်မ ၂၉၃ နှင့် ပုဒ်မ ၃၅၄ တို့အရ အရေးယူရမည့်အစား အဘယ့်ကြောင့် အရေးမယူခဲ့သည်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားရပါသော ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနဲ့တကွ ဧည့်သည်တော်များအားလုံး ကျွန်တော်တို့ နိုင်ငံတော်ကြီးကို တရားဥပဒေစိုးမိုးအောင် စောင့်ရှောက်ပေးနိုင်ကြပါစေလို့ ဆုတောင်းရင်းနဲ့ ဂါရဝပြု နှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ၂-၁-၂၀၁၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၀)မှာ ပါတဲ့ Happy World ကစားကွင်းအတွင်း မိန်းကလေးများ အပါအဝင် ဂိမ်းကစားသူတွေ အောင်မြင်လို့ရှိရင် အမျိုးသားလိင်တန်ဆာပစ္စည်းအတုတွေကို လက်ဆောင်ပေးခဲ့ကြောင်း မန်နေဂျာ ကနေပြီးတော့ ဝန်ခံပါလျက်နဲ့ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၉၂၊ ညစ်ညမ်းတဲ့ ပစ္စည်းကို အများပြည်သူကို ပေးခြင်း၊ ပြသခြင်း၊ နိုင်ငံခြားကနေ ညစ်ညမ်းတဲ့ပစ္စည်း တင်သွင်းခြင်းနဲ့ ငြိစွန်းနေပါလျက်နဲ့ အဲဒီအပြင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၃၊ အသက်အရွယ်(၂၀)အောက် ကလေး၊ လူငယ်လူရွယ်တွေကို ညစ်ညမ်းတဲ့ပစ္စည်းကို ပေးခြင်း၊ ပြသခြင်း၊ အဲဒီအပြင် ပုဒ်မ ၃၅၄၊ အမျိုးသမီးတွေ အရှက်ရပြီးတော့ ဣန္ဒြေပျက်စေမယ်မှန်းသိလျက်နဲ့ ဒီလိုမျိုး ညစ်ညမ်းတဲ့ပစ္စည်းတွေပေးခြင်း၊ အဲဒီဟာတွေ ပြစ်မှုကျူးလွန်တယ်ဆိုတာ ထင်ရှားနေပါလျက်နဲ့ အရေးယူရမည့်အစား ဘာကြောင့် ရဲမှူးကြီးကိုယ်တိုင် ဝင်စစ်ပြီးတော့ မန်နေဂျာကလည်း ဝန်ခံပါလျက်နဲ့ အရေးမယူခဲ့တယ် ဆိုတဲ့အကြောင်းကို မေးမြန်းမှာ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဒီ Happy World ကို အရေးယူဖို့ တိုက်တွန်းတာလည်း မဟုတ်ပါဘူး။ တစ်ဦးတစ်ယောက်ကို နစ်နာစေလိုတဲ့ ရည်ရွယ်ချက်နဲ့ မေးမြန်းခြင်းလည်း မဟုတ်ပါဘူး။ တရားဥပဒေစိုးမိုးမှု ဘယ်လိုကြောင့် ပျက်ပြားခဲ့သလဲ၊ ပြန်လည်ရရှိအောင် ကျွန်တော်တို့ ဘယ်လိုအဖြေရှာကြမလဲ ဆိုတာကို ရည်ရွယ်ပြီးတော့ မေးမြန်းရခြင်းသာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခုမေးခွန်းကို (၃)မိနစ်နဲ့ မလုံလောက်ခဲ့ရင် (၂)မိနစ်ထပ်တိုးပေးဖို့ ဥက္ကဋ္ဌကြီးကို ကြိုတင်ပြီးတော့ မေတ္တာရပ်ခံတောင်းပန်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဘယ်သူမဆိုပေါ့၊ မိမိရဲ့အမေ၊ နှမ၊ ဆွေမျိုးသားချင်းကို ယောကျ်ားတန်ဆာအတု ဘယ်သူမှ နောက်ပြောင်ပြီး လက်ဆောင်ပေးမှာ မဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ တခြားသူကိုကျမှ ဒီလိုမျိုး ယောကျ်ားတန်ဆာအတုကို အပျော်အပျက် လက်ဆောင်ပေးတယ်ဆိုတဲ့ဟာသည် မရိုးသားဘူးဆိုတာ ထင်ရှားပါတယ်။ ပြစ်မှုကျူးလွန်ရန်အကြံ (Guilty Mind)နဲ့ လုပ်တယ်ဆိုတာလည်း ထင်ရှားပါတယ်။ တစ်ခါ မြန်မာ့ယဉ်ကျေးမှုဓလေ့ကိုလည်း ပြောမယ်ဆိုရင်တော့ ဖျက်ဆီးရာ၊ စော်ကားရာ ရောက်ပါတယ်။ ဒီလိုပြစ်မှုထင်ရှားနေပါလျက်နဲ့ အရေးမယူခဲ့ခြင်းဟာ တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေပါတယ်။ ပြစ်မှုကျူးလွန်သူတွေကို အတင့်ရဲစေပြီးတော့ ပြည်သူတွေရဲ့ လုံခြုံမှုကိုလည်း အကြီးအကျယ် တိုးပွားပြီးတော့ ထိခိုက်စေနိုင်ပါတယ်။ အဂတိလိုက်စားမှုကိုလည်း အားပေး၊ အားမြှောက်ပြုရာ ရောက်ပါတယ်။ တရားဥပဒေစိုးမိုးမှုရှိအောင် မလုပ်ဆောင်ကြရင် ကျွန်တော်တို့ တည်ငြိမ်အေးချမ်းဖို့၊ ဖွံ့ဖြိုးတိုးတက်ဖို့ မဆိုထားနဲ့ ပြည်သူတွေ မျှော်လင့်ဆုံးဖြတ်ထားတဲ့ အပြောင်းအလဲ ဆိုတာကို ဘယ်လိုမှ မရနိုင်ဘူးဆိုတာ ကျွန်တော်လေးစားစွာ တင်ပြလိုပါတယ်။

ဒါကြောင့်မို့လို့ တရားဥပဒေစိုးမိုးမှု ဘာကြောင့် ပျက်ပြားရတယ်။ ဘယ်လိုလုပ်ဆောင်ကြမယ်ဆိုတဲ့ဟာကို အဖြေရှာဖို့ နမူနာအနေနဲ့ ကျွန်တော် ဒီဟာကို ကျွန်တော်မေးမြန်းခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ Happy World ကစားကွင်းအတွင်း မိန်းကလေးများ အပါအဝင် ဒီကလေးသူငယ်တွေ Game ကစားတာ အောင်မြင်လို့ရှိရင် ယောကျ်ားအမျိုးသားလိင်တန်ဆာပစ္စည်းအတုတွေ လက်ဆောင်ပေးခဲ့တယ်ဆိုတာ မန်နေဂျာက ဝန်ခံပါလျက်နဲ့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၂၊ ၂၉၃၊ ၃၅၄ တို့နဲ့ ပြစ်မှုထင်ရှားနေပါလျက်နဲ့ အရေးယူရမယ့်အစား ဘာကြောင့် အရေးမယူခဲ့တယ်ဆိုတာကို ဖြေကြားပေးဖို့ ဥက္ကဋ္ဌကြီးကတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၀။**

**ဗိုလ်ချုပ်အောင်စိုး (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး မေးမြန်းခဲ့တဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းမှာပါရှိတဲ့ ၂-၁-၂၀၁၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၀)ပါ Happy World ကစားကွင်းနဲ့ပတ်သက်ပြီး ဖြစ်စဉ်အမှန်မှာ ပြည်သူ့ရင်ပြင်နဲ့ ပြည်သူ့ဥယျာဉ်မှာရှိတဲ့ Happy Zone ကစားကွင်းမှာ ဖြစ်ပွားခဲ့ကြောင်း စိစစ်တွေ့ရှိခဲ့ရတဲ့အတွက် ကျွန်တော့်အနေနဲ့ Happy World အစား Happy Zone အားကစားကွင်းနဲ့ ဆက်စပ်ပြီး ပြန်လည်ဖြေကြားသွားမှာ ဖြစ်ကြောင်း ဦးစွာတင်ပြလိုပါတယ်။

အဆိုပါနေရာကို ကစားကွင်းအဖြစ် အသုံးပြုရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နဲ့ အားကစားဌာနမှ Happy Zone ခေတ်မီအားကစားကွင်းသို့ ၂၀၁၃ ခုနှစ်ကနေပြီး ၂၀၁၈ ခုနှစ်အထိ (၅)နှစ် အငှားစာချုပ်နဲ့ ငှားရမ်းထားရှိခြင်းဖြစ်ပါတယ်။ အဆိုပါဖြစ်စဉ်နဲ့ ပတ်သက်၍ လူမှုကွန်ရက်မှာ သတင်းဖြစ်ပေါ်မှုအား စိစစ်အရေးယူနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ ခရိုင်အုပ်ချုပ်ရေးမှူးမှ သက်ဆိုင်ရာ ဒဂုံမြို့နယ်ရှိ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လက်ထောက်စည်ပင်သာယာအုပ်ချုပ်ရေးမှူးနဲ့ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ရာ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ (၃၀)ရက်နေ့ ည(၇)နာရီအချိန်မှာ ဖြစ်စဉ်ဖြစ်ပွားခဲ့တဲ့ Happy Zone ကစားကွင်းသို့ ရောက်ရှိစစ်ဆေးခဲ့ပါတယ်။ ဖြစ်စဉ်နေရာမှာ ကစားကွင်းမန်နေဂျာ ဦးမြတ်ထွဋ်နိုင်စံ အား တွေ့ဆုံပြီး ဖြစ်စဉ်အကြောင်းအရာကို စိစစ်ခဲ့ရာမှာ

ကစားကွင်းဆိုင်မှာ ရောင်းချတဲ့ ကလေးကစားစရာ ပစ္စည်းများကို ထိုင်းနိုင်ငံမှ ဝယ်ယူတင်သွင်းရာမှာ ကစားစရာပစ္စည်းများနဲ့အတူ ဆပ်ပြာဖြင့် ပြုလုပ်ထားတဲ့ ပန်းပွင့်ပုံ၊ သင်္ဘောသီးပုံ၊ အုန်းသီးပုံ အပါအဝင် ပုံစံမျိုးစုံ ဆပ်ပြာခဲ(၃၀၀)ခု ပါရှိခဲ့ပြီး ၎င်း (၃၀၀)ထဲမှာ အမျိုးသားအင်္ဂါတုပုံစံ ဆပ်ပြာခဲ (၁၀)ခု ပါရှိခဲ့ကြောင်း အဆိုပါပုံစံ ဆပ်ပြာခဲများကို အားကစားကွင်းမှန်ဘီရိုအတွင်းမှာ ထားရှိပြီး ကစားကွင်းသို့ လာရောက် Game ကစားသူများ အနိုင်ရရှိပါက အပျော်သဘော လက်ဆောင်ပေးရန် ဖြစ်ကြောင်း သွားရောက်စစ်ဆေးချိန်မှာ ၎င်းပစ္စည်းများအား ရောင်းချခြင်း၊ လက်ဆောင်ပေးနေခြင်း များမရှိဘဲ ဆိုင်ရဲ့အစီအစဥ်နဲ့ ဖျက်ဆီးခဲ့ပြီးဖြစ်၍ သိမ်းဆည်းနိုင်ခဲ့ခြင်းမရှိကြောင်း တွေ့ရှိရပါတယ်။

ဖြစ်စဥ်ကို စစ်ဆေးရေးအဖွဲ့မှ သွားရောက်စစ်ဆေးရာမှာ ဆိုင်မန်နေဂျာဖြစ်သူမှ လူမှုကွန်ရက်ပါဖြစ်စဥ်နဲ့ ပတ်သက်၍ ၎င်းပစ္စည်းများအား Game ကစား၍ အောင်မြင်သူများကို လက်ဆောင်ပေးရန်ဆိုသည်မှာ မှန်ကန်ကြောင်း ဝန်ခံခဲ့သော်လည်း လက်ရှိမှာ ဆက်လက်ထားရှိခြင်း သိမ်းဆည်းရရှိမှု မရှိဘဲ ဆိုင်တာဝန်ခံများအနေဖြင့် လူမှုကွန်ရက်သတင်းဖြစ်ပေါ်မှု သိရှိချိန်၌ပင် ၎င်းတို့ အစီအစဥ်ဖြင့် သိမ်းဆည်း၊ ဖျက်ဆီးထားပြီး ဖြစ်ကြောင်းကိုလည်း စစ်ဆေးရေးအဖွဲ့ အစီရင်ခံစာများအရ သိရှိရပါတယ်။ လူမှုကွန်ရက်မှာ သတင်းဖြစ်ပေါ်ခဲ့တဲ့ ဖြစ်စဥ်နဲ့ ပတ်သက်ပြီး မြေပြင်မှာ စစ်ဆေးစဥ် ခိုင်မာတဲ့ သက်သေအထောက်အထား သိမ်းဆည်းရရှိမှု မရှိခြင်း၊ ပတ်ဝန်းကျင် မျက်မြင် သက်သေထွက်ဆိုချက် ရယူနိုင်မှု မရှိခဲ့ခြင်းတို့ကြောင့် သက်ဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့အစည်းများ အနေနဲ့ ပြစ်မှုကြောင်းအရ အရေးယူခဲ့ခြင်း မရှိဘဲ အုပ်ချုပ်ရေးနည်းလမ်းအရ ဆိုင်မန်နေဂျာဖြစ်သူ အား သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတွင် ခေါ်ယူ၍ ဝန်ခံကတိပြု သတိပေး မှတ်တမ်းတင် လက်မှတ်ရေးထိုးစေခဲ့ပါတယ်။

အလားတူ မြေငှားရမ်းပေးခဲ့တဲ့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဥ် နဲ့ အားကစားဌာနအနေဖြင့်လည်း နောင်တွင် ဤကဲ့သို့ မလိုလားအပ်သော ဖြစ်စဥ်များ ထပ်မံ မဖြစ်ပွားစေရေးအတွက် ကစားကွင်းပိုင်ရှင်ဖြစ်သူကို နောက်ဆုံးအကြိမ် သတိပေးခြင်း၊ ဝန်ခံ ကတိပြုလက်မှတ်ရေးထိုး မှတ်တမ်းတင်ခြင်းများ ရယူပြီး အရေးယူဆောင်ရွက်ခဲ့ပြီးတဲ့ နောက်မှာ ဌာန ရဲ့ စိစစ်ညွှန်ကြားမှုအပေါ် လိုက်နာမှုမရှိဘဲ ထပ်မံ၍ ဖြစ်ပေါ်ပါက စာချုပ်ချုပ်ဆို ငှားရမ်းထားရှိမှုအား အပြီးသတ် ပိတ်သိမ်းဖယ်ရှားသည်အထိ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပေါင်းစပ်ညှိနှိုင်း ဖြေကြားချက်အရ သိရှိရပါတယ်။

သို့ဖြစ်ပါ၍ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ Happy Zone ကစားကွင်းမှာ မိန်းကလေးများ အပါအဝင် Game ကစားသူများ အောင်မြင်ပါက အမျိုးသားအင်္ဂါပစ္စည်းအတုများ ပေးအပ်ခဲ့သည်ဆိုသော ဖြစ်စဥ်နဲ့ပတ်သက်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ကြီးကြပ်မှုနဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်အဆင့်မှ စိစစ်ပြီး ပြစ်မှုဆိုင်ရာ ဥပဒေကြောင်းအရ အရေးယူခြင်းမပြုဘဲ အုပ်ချုပ်ရေးလမ်းကြောင်းမှ အရေးယူ ဆောင်ရွက်ထားရှိ ခဲ့ပြီးဖြစ်ကြောင်း ပြန်လည်ဖြေကြား တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဒေါ်ကျိန်ငိုက်မန် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ကျွန်မ ဦးစွာနှုတ်ခွန်းဆက်သလိုက်ပါတယ်ရှင်။ ကျွန်မကတော့ ချင်းပြည်နယ်အမှတ်(၇) တွန်းဇံမြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်ကျိန်ငိုက်မန် ဖြစ်ပါတယ်ရှင်။ ကျွန်မ အခုတင်ပြမည့် အစီရင်ခံစာကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာပဲ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**

**ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ် ၁/အမ(ကော်မတီ-၁) ၁ / ၂၀၁၆-၉၆
ရက် စွဲ၊ ၂၀၁၆ ခုနှစ်၊ မေ လ ၁၁ ရက်

၁။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီမှ ၆-၅-၂၀၁၆ နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၁၀-၅-၂၀၁၆ ရက်နေ့တွင် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီမှဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်မှ အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။

## လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြင်ဆင်သည့်ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ဂ) တွင်ပါရှိသော စကားရပ်များကို တိကျသော သတ်မှတ်ချက်နှင့် ကိုက်ညီစေရန်အတွက် အခြေခံပညာ မူလတန်းအဆင့်နှင့် ညီမျှသော ပညာအရည်အချင်း အောင်မြင်ပြီးသူ ဖြစ်ခြင်းဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ ပြည်သူများ၏သဘောဆန္ဒဖြင့် ကိုက်ညီမှုရှိစေရန်အတွက် ပုဒ်မ (၆) တွင် ပါရှိသော စကားရပ်များအစား မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် ကြီးကြပ်နိုင်ရေးအတွက် ယင်းတာဝန်ကို ထမ်းဆောင်ရန် ဆန္ဒရှိသည့်အပြင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများက ရွေးချယ်ပေးသော ရပ်မိရပ်ဖ ငါးဦးဖြင့် ကြီးကြပ်ရေး အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်ဆိုဟူသည့် စကားရပ်ဖြင့်လည်းကောင်း၊ ဆယ်အိမ်စုဖွဲ့ရာတွင် စနစ်တကျ ရှိစေရန်အတွက် ပုဒ်မ ၇၊ ပုဒ်မခွဲ(က) တွင်ပါရှိသော စကားရပ်များအစား ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ အိမ်ခြေစာရင်းကို တစ်ဆက်တစ်စပ်တည်း အစဉ်လိုက်ရယူ၍ သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ရပ်ကွက် သို့မဟုတ် ကျေးရွာအလိုက် ဆယ်အိမ်စုအဖွဲ့ များ ဖွဲ့စည်းရမည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အုပ်ချုပ်ရေးမှူး၏ သက်တမ်းအတွက် ပုဒ်မ ၉ တွင်ဖော်ပြထားသော စကားရပ်များအစား (က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်း အတိုင်းဖြစ်သည်။ ယင်း၏သက်တမ်းသည် တစ်ဆက်တည်း နှစ်ကြိမ်ထက်မပိုစေရ၊ သို့ရာတွင် အုပ်ချုပ်ရေးမှူး သက်တမ်း ၏ ထက်ဝက်ထက် မပိုသော ကြားဖြတ်တာဝန်ယူရသည့်ကာလကို ရာထူးသက်တမ်း တစ်ခုဟု မသတ်မှတ်ရ၊ (ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် နိုင်ငံတော်သမ္မတ၏ သက်တမ်းသစ်ကာလတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအသစ် ရွေးချယ် ခန့်အပ်တာဝန်ပေးပြီးသည့်အချိန်အထိ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး လုပ်ငန်းတာဝန်များကို စနစ်တကျ လွှဲပြောင်းပေးရမည် ဟု အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ ရှိရပါတယ်။

၃။ အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းများကို ကြန့်ကြာမှုမရှိဘဲ ဆောင်ရွက်နိုင်ရန်အတွက် ပုဒ်မ ၁၃၊ ပုဒ်မခွဲ(ဂ)တွင် ဖော်ပြထားသော စကားရပ်များအစား အများပြည်သူအကျိုးနှင့် ဒေသခံ ပြည်သူများ၏ အကျိုးကို လတ်တလော ထိခိုက်စေမည့် ဘေးအန္တရာယ်များ ကျရောက်သဖြင့် အရေးပေါ် အခြေအနေပေါ်ပေါက်သည့်အခါ ဒေသခံပြည်သူတို့အတွက် အရေးကြီးပြီး တိုက်ရိုက် အကျိုးပြုသည့်လုပ်ငန်းကို ချက်ချင်းဆောင်ရွက်ခြင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးထံ အမြန်ဆုံးတင်ပြ ခြင်းဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိ ရပါတယ်။

၄။ မူလဥပဒေ ပုဒ်မ ၁၆၊ ခြေဆင်းတွင် ဖော်ပြထားသော စကားရပ်များအစား ပိုမိုပြည့်စုံစေရန် အတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတစ်ဦးဦးအား နုတ်ထွက်ခွင့်ပြုခြင်း၊ တာဝန်မှ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်း၊ ယာယီခွင့် ခံစားခွင့်ပြုခြင်းနှင့် စပ်လျဉ်း၍ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၁၆ ၏နောက်တွင် ပုဒ်မ ၁၆-က အဖြစ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတစ်ဦးဦးသည် ပုဒ်မ ၁၅၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(ဂ) နှင့် ပုဒ်မခွဲ(စ)ပါ ပြဋ္ဌာန်းချက်တစ်ခုခုအရ တာဝန်မှရပ်စဲခံရပါက တစ်ဆက်တစ်စပ်တည်းဖြစ်သော သက်တမ်း

နှစ်ကြိမ်တွင် ပါဝင်ရွေးချယ်ခံခွင့်မရှိစေရဟု အသစ်ဖြည့်စွက်၍သော်လည်းကောင်း၊ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဂ)တွင် ဖော်ပြထားသော စကားရပ်များအစား တာဝန်မှယာယီ ရပ်ဆိုင်းခံရသည့် ကာလတွင်ဖြစ်စေ၊ နုတ်ထွက်ခြင်း သို့မဟုတ် တာဝန်မှရပ်စဲခြင်းကြောင့် လစ်လပ်နေသည့် ကာလတွင်ဖြစ်စေ၊ ယာယီခွင့် ခံစားခွင့်ပြုသည့် ကာလတွင်ဖြစ်စေ၊ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ တာဝန်ထမ်းဆောင်ရန် မြို့နယ်အုပ်ချုပ်ရေးမှူးသည် ပုဒ်မ ၇၊ ပုဒ်မခွဲ(စ)နှင့် ပုဒ်မခွဲ(ဆ)တို့အရ ဆန္ဒမဲဒုတိယအများဆုံး ရရှိသည့် ဆယ်အိမ်စုမှူး တစ်ဦးဦးအား ယာယီတာဝန်ပေးအပ်ရမည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အခန်းခေါင်းစဉ်နှင့် ပြဋ္ဌာန်းချက်များ ညီညွတ်မှုရှိစေရန်အတွက် အခန်း(၁၀) ခေါင်းစဉ်တွင် ဖော်ပြထားသောစကားရပ်များအစား ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ခြင်းဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ တာဝန်သတ်မှတ်ခြင်းအတွက် ပုဒ်မ ၃၃ တွင် ဖော်ပြထားသော စကားရပ်များအစား -

၃၃။ ဆယ်အိမ်စုမှူးများသည်-

(က) သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအား အကြံပေးရန် တာဝန်ရှိသည်။

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးလုပ်ငန်းများတွင်သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးနှင့်အတူ ပါဝင်ဆောင်ရွက်ရန်တာဝန်ရှိသည်။

ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၃၃ ၏ နောက်တွင် ပုဒ်မ ၃၃-က အဖြစ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများအတွက် သက်ဆိုင်ရာဆယ်အိမ်စုမှူးများ အနက် ပုဒ်မ ၇ အရ ရွေးချယ်ရာတွင် ဆန္ဒမဲ အများဆုံးရရှိသူ သို့မဟုတ် ဆယ်အိမ်စုမှူး ညှိနှိုင်းရွေးချယ်သူကို ကျေးရွာခွဲ အုပ်ချုပ်ရေးမှူး အဖြစ် တာဝန်ပေးအပ်ရမည်ဟု အသစ်ဖြည့်စွက်၍လည်းကောင်း အသီးသီးအစားထိုးသင့်ကြောင်း လေ့လာ တွေ့ရှိရပါတယ်။

၅။ တပ်မတော်သား ဥပဒေကြမ်းကော်မတီဝင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးချုပ် ခင်မောင်အေး မှ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ရန် လုံခြုံရေးဆိုင်ရာ လိုအပ်ချက်များအရ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မ ၁၇၊ ပုဒ်မ ၂၇ နှင့် ပုဒ်မ ၃၃ တို့၏ ပြင်ဆင်ချက်များကို မူလအတိုင်းထားရှိသင့်ပါကြောင်း အကြံပြုဆွေးနွေးခဲ့ပါသည်။

၆။ ဥပဒေ အပိုဒ် ၉၊ အပိုဒ်ခွဲ (ဍ)၊ အပိုဒ် ၁၅ တို့ကို ပြင်ဆင်ရန် မလိုအပ်သည့်အတွက် မူလဥပဒေအတိုင်း ထားရှိသင့်ပါကြောင်းနှင့် မြန်မာစာ စာလုံးပေါင်းသတ်ပုံနှင့် အရေးအသား အသုံးအနှုန်း မှန်ကန်မှုရှိစေရန်အတွက်လည်းကောင်း၊ ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်အတွက်လည်းကောင်း ပြင်ဆင်ထားပြီး ဖြစ်ပါတယ်။ ပြင်ဆင်ဖြည့်စွက်ချက် အပြည့်အစုံကို နောက်ဆက်တွဲ ကန့်လန့်ဖြတ်ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါတယ်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၇။ သို့ဖြစ်ပါ၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအပေါ်တွင် အခြေခံ၍ လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးချက်များအပေါ် ပြန်လည်ကြားနာပြီး ဆက်လက်အတည်ပြုဆောင်ရွက်သင့်ပါကြောင်းနှင့် ကော်မတီအစည်းအဝေးတွင် အကြံပြု ဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ် ခင်မောင်အေး ၏ တင်ပြချက်ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ ဆောင်ရွက်သင့်ပါကြောင်း အစီရင်ခံ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ အစီစဉ်(၇)ဖြစ်ပါတယ်။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ် ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၉-၅-၂၀၁၆ ရက် (ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၂၅) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ မေလ ၁၈ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ၁၀း၂၄ နာရီအချိန်တွင် ရပ်နားပါသည်။]